# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၉/ ၂၀၂၄)　　　　　　　　　　　　２၀၂၄ ခုနှစ်၊ မတ်လ(၂၈) ရက်

| ၂၈ - ၃ - ၂၀၂၄ | |
|---|---|
| ငွေကြေးအမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၆၇.၃ |
| စင်္ကာပူဒေါ်လာ | ၁,၅၅၆.၂ |
| စတာလင်ပေါင် | ၂,၆၄၈.၈ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၈၇.၁ |
| တရုတ်ယွမ် | ၂၉၀.၅၇ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၈.၄၂ |
| အိန္ဒိယရူပီး | ၂၅.၁၈၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၅.၆၁ |
| မလေးရှားရင်းဂစ် | ၄၄၃.၆၉ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၂၈၇ |
| ထိုင်းဘတ် | ၅၇.၅၁၁ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၄၇၁၂ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယသည် ကြက်သွန်တင်ပို့မှုကန့်သတ်ချက်အား အထွေထွေရွေးကောက်ပွဲ မတိုင်မီ သက်တမ်းတိုး

➢ အိန္ဒိယနိုင်ငံ၏ ဈေးကွက်အတွင်းလုံလောက်မှုမရှိသည့် ကုလားပဲနှင့် ပဲစင်းငုံတို့၏ ဈေးနှုန်းတည်ငြိမ်ရေးကို စားတော်ပဲတင်သွင်းမှုက အကူအညီဖြစ်

➢ အိန္ဒိယနိုင်ငံသည် ယခုဘဏ္ဍာနှစ်အတွင်း ဘာစမာတီဆန်ကို ကန်ဒေါ်လာ ၅ ဘီလီယံကျော် စံချိန်တင်ရောင်းချရဖွယ်ရှိ

➢ ရုရှားသို့ နယ်သာလန်မှ ခေတ်မီစိုက်ပျိုးရေးစက်များ တင်ပို့မှုမြင့်တက်လာ

➢ ရုရှားသည် တရုတ်နိုင်ငံသို့ ဓာတ်မြေဩဇာ တင်ပို့မှုတွင် ဦးဆောင်သူဖြစ်လာ

- **အထွေထွေသတင်းများ**

➢ ရုရှားသည် ရေနံနှင့် သဘာဝဓာတ်ငွေ့၏ ၄၀ ရာခိုင်နှုန်းခန့်ကို ရူဘယ်ဖြင့် ရောင်းချပြီး အခြား ၄၀ ရာခိုင်နှုန်းခန့်ကို ယွမ်ဖြင့် ရောင်းချလျက်ရှိ

➢ တရုတ်နှင့် ဟွန်ဒူးရပ်စ်တို့အကြား (၄)ကြိမ်မြောက် FTA ညှိနှိုင်းဆွေးနွေးမှုကို ပြုလုပ်ခဲ့

➢ တရုတ်နိုင်ငံသည် CPTPP သို့ ဝင်ရောက်နိုင်ရေး အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိ

## အိန္ဒိယသည် ကြက်သွန်တင်ပို့မှုကန့်သတ်ချက်အား အထွေထွေရွေးကောက်ပွဲ မတိုင်မီ သက်တမ်းတိုး

အိန္ဒိယသည် ၎င်း၏ ကြက်သွန်တင်ပို့မှုရက်အကန့်အသတ်မရှိတားမြစ်ထားမှုအား အထွေထွေရွေးကောက်ပွဲမတိုင်မီ အံ့အားသင့်ဖွယ် သက်တမ်းတိုးခဲ့သဖြင့် ပြည်ပဈေးကွက် အချို့တွင် ဈေးနှုန်းကြီးမြင့်မှု ပိုမိုဖြစ်ပေါ်လာစေနိုင်ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ကမ္ဘာပေါ်တွင် ကြက်သွန်နီတင်ပို့မှု အများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ဒီဇင်ဘာလက ထုတ်ပြန်ကြေငြာခဲ့သော ကြက်သွန်နီတင်ပို့မှုတားမြစ်ချက်သည် မတ်လ ၃၁ ရက်နေ့၌ သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး မကြာမီကြက်သွန်နီအသစ်များ ဈေးကွက်ဝင်ရောက်လာမည်ဖြစ်ခြင်းနှင့် ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းထက်ဝက်ကျော်ကျဆင်းသွားခြင်းတို့ကြောင့် အဆိုပါ ကန့်သတ်ချက်ကို ဖြေလျှော့ပေးလိမ့်မည်ဟု ကုန်သည်များက မျှော်လင့်လျှက်ရှိသော်လည်း အစိုးရက နောက်ထပ်သတိပေးချက်မထုတ်ပြန်မီအထိ တားမြစ်ချက်ကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ပြီးခဲ့သည့်သောကြာနေ့က အမိန့်ထုတ်ပြန်ခဲ့သည်။

မွန်ဘိုင်းမြို့အခြေစိုက် ကြက်သွန်နီတင်ပို့သည့် အမည်မဖော်လိုသူ လုပ်ငန်းရှင်တစ်ဦးက ကြက်သွန်နီအသစ်များ ဈေးကွက်ဝင်ရောက်လာမှုနှင့်အတူဈေးနှုန်းများ ကျဆင်းလာမည်ဖြစ်သဖြင့် ယခုကဲ့သို့တင်ပို့မှုပိတ်ပင်ချက်အား သက်တမ်းတိုးလိုက်ခြင်းသည် လုံးဝမလိုအပ်ကြောင်းနှင့် အံ့အားသင့်စေခဲ့ကြောင်း၊ ကြက်သွန်နီ အများဆုံးထုတ်လုပ်သည့် မဟာရက်ရှ်ထရာပြည်နယ်ရှိ ကြက်သွန်နီလက်ကားဈေးကွက်တွင် ကြက်သွန်နီဈေးသည် ဒီဇင်ဘာလတွင် ကီလိုဂရမ် ၁၀၀ လျှင် ရူပီး ၄၅၀၀ မှ ယခုအခါ ရူပီး ၁၂၀၀ (၁၄ ဒေါ်လာ) သို့ ကျဆင်းသွားကြောင်း ပြောကြားထားသည်။

ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ နီပေါနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ကဲ့သို့သော နိုင်ငံများသည် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် အိန္ဒိယနိုင်ငံမှ တင်သွင်းမှုများကို မှီခိုနေရပြီး ထိုနိုင်ငံများသည် အိန္ဒိယ၏ ကြက်သွန်နီတင်ပို့မှု တားမြစ်ပိတ်ပင်လိုက်ကတည်းက ဈေးနှုန်းကြီးမြင့်မှုနှင့် ရုန်းကန်နေရကြောင်း သိရှိရသည်။

အိန္ဒိယ၏ ဆောင်ရွက်ချက်ကြောင့် ဝယ်လက်များသည် ရွေးချယ်စရာမရှိဘဲ အခြားသော နိုင်ငံဈေးကွက်များမှ ကြက်သွန်နီ ပို့ကုန်လုပ်ငန်းရှင်များထံမှ ပိုမိုမြင့်မားသောဈေးနှုန်းများဖြင့် ဝယ်ယူမှုဖြစ်ပေါ်စေသည်ဟု မွမ်ဘိုင်းအခြေစိုက် အခြားသော ပို့ကုန်ကုမ္ပဏီတစ်ခုမှ ပြောကြားခဲ့သည်။

အိန္ဒိယသည် ကြက်သွန်နီ ဈေးကွက်များစွာအတွက် တရုတ် သို့မဟုတ် အီဂျစ်ကဲ့သို့သော ဈေးကွက်ပြိုင်ဘက်များထက် သယ်ယူပို့ဆောင်မှုလမ်းကြောင်းတိုတောင်းသဖြင့် အာရှနိုင်ငံများ၏

ကြက်သွန်တင်သွင်းမှုအားလုံးအနက် ထက်ဝက်ကျော်အား တင်ပို့လျှက်ရှိသည်ဟု ကုန်သည်များက ခန့်မှန်းလျှက်ရှိသည်။

အိန္ဒိယသည် ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးခဲ့သော ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ကြက်သွန်နီ မက်ထရစ်တန် ၂.၅ သန်း စံချိန်တင် တင်ပို့ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ကြက်သွန်နီတင်ပို့မှု တားမြစ်ချက်အား သက်တမ်းတိုး ထားသော်လည်း ပြီးခဲ့သည့်လများတွင် မိတ်ဖက်နိုင်ငံများမှ တင်ပြတောင်းဆိုလာပါက ကိုတာအရေအတွက် ကန့်သတ်ချက်ဖြင့်ခွင့်ပြုပေးလျှက်ရှိကြောင်းနှင့် ဈေးကွက်အခြေအနေနှင့် ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုလိုအပ်ချက်တို့အပေါ် မူတည်၍ မူဝါဒများကို ပြင်ဆင်ထိန်းကြောင်းဆောင်ရွက်လျှက်ရှိမှု အခြေအနေတို့အား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India extends ban on onion exports indefinitely ahead of general election, The Economic Tims,

## အိန္ဒိယနိုင်ငံ၏ ဈေးကွက်အတွင်းလုံလောက်မှုမရှိသည့် ကုလားပဲနှင့် ပဲစင်းငုံတို့၏ ဈေးနှုန်း တည်ငြိမ်ရေးကို စားတော်ပဲတင်သွင်းမှုက အကူအညီဖြစ်

ရုရှားနှင့် ကနေဒါနိုင်ငံတို့မှ စားတော်ပဲ (Yellow Peas) တင်သွင်းမှုသည် ပြီးခဲ့သည့် ခြောက်နှစ်အတွင်း အမြင့်မားဆုံးဖြစ်လာမှုနှင့်အတူ သရေစာလုပ်ငန်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ၊ လမ်းဘေးအစားအစာနှင့် ပဲမျိုးစုံထုတ်လုပ်သည့်လုပ်ငန်းများတွင်အသုံးပြုသည့် ဈေးကြီးသော ပဲအမျိုးအစားများနေရာ၌ အစားထိုးအသုံးပြုလာခြင်းအားဖြင့် ကုလားပဲနှင့် ပဲစင်းငုံများ၏ ပြည်တွင်းဈေးနှုန်းများတည်ငြိမ်စေရန်အတွက် အထောက်အကူဖြစ်စေခဲ့ကြောင်း The Economic Times သတင်းစာက ဖော်ပြထားပါသည်။

အိန္ဒိယအစိုးရသည် မီးဖိုချောင်သုံး အခြေခံပဲအမျိုးအစားနှစ်မျိုးဖြစ်သည့် မတ်ပဲနှင့် ပဲစဉ်းငုံများ၏ ဈေးနှုန်းအဆမတန်မြင့်တက်ခဲ့သည့် ပြီးခဲ့သည့်ဒီဇင်ဘာလတွင် စားတော်ပဲကို အခွန်လွတ်တင်သွင်းခွင့်ပြုခဲ့ကြောင်း၊ ယင်းကဲ့သို့ တင်သွင်းခွင့်ပြုခဲ့ခြင်းသည် ဈေးကွက်အတွင်း ပဲမျိုးစုံကို ဈေးနှုန်းသက်သာစွာဖြင့် ပိုမိုရရှိလာသဖြင့် တင်ရှားသည့် အလှည့်အပြောင်းတစ်ခု ဖြစ်စေခဲ့ကြောင်း၊ စားတော်ပဲကို ပဲမှုန့်၊ အလုံး၊ ခွဲခြမ်း စသည့်ပုံစံမျိုးစုံဖြင့် နေ့စဉ်စားသုံးကြကြောင်းနှင့် ယင်းကို လမ်းဘေးအစားအစာများတွင် သာမက လျင်မြန်စွာကြီးထွားလျှက်ရှိသည့် သရေစာထုတ်ကုန်

များတွင်လည်း အဓိကပါဝင်သည့် ပဲအမျိုးအစားတစ်မျိုးဖြစ်ကြောင်း ပဲကုန်သည်တစ်ဦးက ပြောကြားထားသည်။

ပြည်ပမှ တင်သွင်းလာသော စားတော်ပဲအမြောက်အမြားသည် မကြာမီရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ စားတော်ပဲဈေးနှုန်းသည် ၁ ကီလိုလျှင် ၄၂ ရူပီးနှင့် လက်ရှိဈေးကွက်ထဲတွင် ဈေးအသက်သာဆုံး ပဲအမျိုးအစားဖြစ်ပါကြောင်း၊ လက်ရှိတွင် တန်ချိန် ၆ သိန်းခန့် တင်သွင်းထားပြီး လာမည့်ဇွန်လမတိုင်မီ တန်ချိန် ၉ သိန်းမှ ၁ သန်းခန့် တင်သွင်းနိုင်မည်ဟု ခန့်မှန်းထားကြောင်းနှင့် စားတော်ပဲသည် ဈေးကွက်အတွင်း ရှားပါးနေသော အခြားပဲအမျိုးအစားများ၏ ဝယ်လိုအားကို လျှော့ချရန် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ကူညီပေးခဲ့ကြောင်း Maharashtra ပြည်နယ် အခြေစိုက် ပဲမျိုးစုံတင်သွင်းသူ Vivek Agarwal က ပြောသည်။

ပဲစင်းငုံသည် တစ်ကီလိုလျှင် အနည်းဆုံး ရူပီး ၂၀၀ ဖြင့် လက်လီရောင်းချနေသည်မှာ ကြာမြင့်နေပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ဈေးနှုန်းကြီးမြင့်မှုကြောင့် ဝယ်လိုအားလည်း ကျဆင်းသွားကြောင်း၊ စားတော်ပဲသည် ပဲစင်းငုံအတွက် တိုက်ရိုက် အစားထိုးကုန်စည်မဟုတ်သော်လည်း ပဲစင်းငုံဝယ်လိုအားကို သွယ်ဝိုက်သောနည်းဖြင့် လျော့ပါးစေရန် ကူညီပေးခဲ့ကြောင်း၊ ပဲခွဲစက်ရုံ အများအပြားသည်လည်း ၎င်းတို့စက်ရုံများ ဆက်လက်လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အခြားသောပဲအမျိုးအစားများအစား စားတော်ပဲကိုပြောင်းလဲ အသုံးပြုလာကြကြောင်း၊ အချို့သော ပဲကုန်သည်များသည်လည်း တခြားသော ပဲအမျိုးအစားများအစား စားတော်ပဲဘက်သို့ အာရုံစိုက်လာကြကြောင်း၊ ထိုသို့သောပြောင်းလဲလာမှုများသည် အခြားသောပဲအမျိုးအစားများအပေါ် သွယ်ဝိုက်၍ ဝယ်လိုအားကျဆင်းစေသည့် အကြောင်းအရင်းတစ်ခုဖြစ်ကြောင်း ကုန်သည်လုပ်ငန်းရှင် တစ်ဦးက ပြောကြားထားသည်။

ပြီးခဲ့သည့် မုတ်သုံရာသီ ပြောင်းလဲခြင်းများကြောင့် မိုးရာသီ ကုလားပဲထွက်ရှိမှုနှင့် ပတ်သက်၍ စိုးရိမ်မှုများ မြင့်တက်လာခဲ့ပြီးနောက် အိန္ဒိယအစိုးရက အနိမ့်ဆုံးသွင်းကုန်ဈေးနှုန်း (MIP) ကန့်သတ်ချက်ကို ဖယ်ရှားခဲ့သည်။ ထို့အတူ လက်ရှိတွင် စားတော်ပဲတင်သွင်းမှုကို ဧပြီလ ၃၀ ရက်အထိ အခွန်ကင်းလွတ်ခွင့်ပြုထားပါသည်။ လာမည့်ရက်သတ္တပတ်များအတွင်း ကုလားပဲသီးနှံသစ်များ ဈေးကွက်အတွင်းဝင်ရောက်လာမည်ဖြစ်ရာ ဧပြီလ ၃၀ ရက်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုထားသော စားတော်ပဲအား သက်တမ်းတိုးရန်အစိုးရ၏ဆုံးဖြတ်ချက် အပေါ်မည်ကဲ့သို့ သက်ရောက်မှုရှိမည်ကို စောင့်ကြည့်ရဦးမည်ဟု ပဲလုပ်ငန်းကျွမ်းကျင်သူများက ပြောကြားထားသည်။

အိန္ဒိယအစိုးရသည် မတ်ပဲနှင့် ပဲစဉ်းငုံ ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်နိုင်ရန်အတွက် နည်းလမ်းမျိုးစုံဖော်ထုတ်ဆောင်ရွက်လျက်ရှိပြီး ပြီးခဲ့သည့်နှစ်တွင် စားသောက်ဆိုင်များ၊ ဟိုတယ်များ

Agribusiness & Trade

တွင် ပဲစဉ်းငုံအစား အခြားပဲအမျိုးအစားများကို အစားထိုးအသုံးပြုရန် စည်းရုံးလှုံ့ဆော် ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ ထို့အပြင် ဘရာဇီး၊ အာဂျင်တီးနား စသည့်နိုင်ငံတို့တွင်လည်း အိန္ဒိယဈေးကွက်အတွက် ပဲစဉ်းငုံစိုက်ပျိုးရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ယခုအခါတွင် စားတော်ပဲအား အခွန်ကင်းလွတ်ခွင့်ပြုထားခြင်းဖြင့် ဈေးကွက်အတွင်း ပဲဈေးနှုန်းများ ထိန်းချုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့
Source: Imported yellow peas help control bullish trend in chana and tur, which are short in supply, The Economic Times,

## အိန္ဒိယနိုင်ငံသည် ယခုဘဏ္ဍာနှစ်အတွင်း ဘာစမာတီဆန်ကို ကန်ဒေါ်လာ ၅ ဘီလီယံကျော် စံချိန်တင်ရောင်းချရဖွယ်ရှိ

အိန္ဒိယနိုင်ငံသည် ဘာစမာတီဆန်ကို အရှေ့အလယ်ပိုင်းဒေသ၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စုတို့ကဲ့သို့ ဈေးကွက်အသီးသီးမှဝယ်လိုအားမြင့်တက်လာသည့်အတွက် ယခုဘဏ္ဍာနှစ်အတွင်း ကန်ဒေါ်လာ ၅ ဘီလီယံကျော် စံချိန်တင် တင်ပို့ရောင်းချရဖွယ်ရှိကြောင်း သိရသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်၏ ပထမ (၁၀) လတာ ကာလအတွင်း ဘာစမာတီဆန်တင်ပို့မှု ၂၀ ရာခိုင်နှုန်း တိုးမြင့်ခဲ့ကာ ကန်ဒေါ်လာ ၄ ဒသမ ၅၈၆ ဘီလီယံအထိ ရရှိခဲ့ပြီးဖြစ်သည်။

ရာမာဒန် (Ramadan) ပွဲတော်ရာသီ နီးကပ်လာပြီဖြစ်သဖြင့် အဆိုပါ ပို့ကုန်တန်ဖိုးမှာ ကန်ဒေါ်လာ ၅ ဘီလီယံကို ကျော်လွန်သွားနိုင်ကြောင်း ခန့်မှန်းထားသည်။ အိန္ဒိယနိုင်ငံမှ ပြည်ပသို့ ဘာစမာတီဆန်တင်ပို့ရောင်းချမှုတန်ဖိုးမှာ နှစ်အလိုက် တက်ကျပြောင်းလဲလျက်ရှိပြီး လွန်ခဲ့သော ၂၀၁၃-၁၄ ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၄ ဒသမ ၈၇ ဘီလီယံအထိ စံချိန်တင် တင်ပို့နိုင်ခဲ့သည်။

၁၉၉၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ပို့ကုန်ဈေးကွက်အသီးသီးရှိ ဘာစမာတီဆန်စားသုံးမှုမှာ တန်ချိန် ၀ ဒသမ ၅ သန်းမှ တန်ချိန် ၄ သန်းအထိ တိုးမြင့်လာကြောင်း၊ ကမ္ဘာ့ဆန်ရောင်းဝယ်မှု စုစုပေါင်းတွင် ဘာစမာတီဆန်၏ ဈေးကွက်ဝေစုမှာ ၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ အိန္ဒိယ ဘာစမာတီဆန်၏ ဖြစ်ပေါ်တိုးတက်မှုကို ထင်ရှားသော အဆင့် (၃) ဆင့်ဖြင့်ခွဲခြား လေ့လာကြည့်ရှုနိုင်ကြောင်း၊ ပထမအဆင့်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ သဘောတူခွင့်ပြုခဲ့သည့်အတွက် ဥရောပဈေးကွက်သို့ ပထမဦးဆုံးဝင်ရောက်နိုင်ကာ ဈေးကွက်စတင်ရရှိခဲ့ကြောင်း၊ ဒုတိယမှာ Pusa-1121 ဘာစမာတီဆန်မျိုးကွဲကို စမ်းသပ်စိုက်ပျိုးအောင်မြင်ခဲ့ပြီးနောက် အီရန်ဈေးကွက်တွင် အဆိုပါ

ဆန်မျိုးကွဲကို ကြိုက်နှစ်သက်သူ တိုးတက်များပြားလာခြင်းဖြစ်ကြောင်း၊ တတိယအနေဖြင့် ကမ္ဘာ တစ်ဝှမ်းတွင် အခြေချနေထိုင်သော အိန္ဒိယလူမျိုးဦးရေတိုးတက် များပြားလာသည့်အတွက် ၎င်းဆန် ဝယ်ယူမှုပိုမိုများပြားလာခြင်းဖြစ်ကြောင်း သိရသည်။

“အရေးကြီးသည့်အချက်က လွန်ခဲ့သည့် (၆) နှစ်တာကာလအတွင်း ဥရောပသို့ ဘာစမာတီ ဆန် တင်ပို့မှုကျဆင်းလာခဲ့တာပါ။ အဆိုပါ အခြေအနေကို ကာကွယ်နိုင်မည်ဆိုပါက ပို့ကုန် ကန် ဒေါ်လာ ၅ ဘီလီယံကို ကျနော်တို့ စောစောစီးစီးကျော်ဖြတ်သွားနိုင်ပါတယ်။” ဟု ကုန်သွယ်ရေး လေ့ လာသူနှင့် “ဒေသဆိုင်ရာအညွှန်း သဘာဝသမိုင်း (The Natural History Geographical Indication)” အမည်ရှိ ဘာစမာတီဆန်အကြောင်း စာအုပ်အား ရေးသားထုတ်ဝေခဲ့သူ S Chandra-sekaran က ပြောကြားခဲ့သည်။

အဆိုပါဆန်၏ တန်ဖိုးသတ်မှတ်ချက်နှင့်ပတ်သက်၍လည်း လွန်ခဲ့သော နှစ် (၃၀) ကို ပြန် ကြည့်ပါက အားရဖွယ်မရှိကြောင်း၊ အဓိကမှာ ဘာစမာတီဆန်ကို အခြားပို့ကုန်များနှင့်အတူ ရော နှောသတ်မှတ်ထားသည့်အတွက် ရှိသင့်သည့်တန်ဖိုးမရှိပဲ၊ ဈေးကောင်းမရရှိကြောင်း၊ ထို့ကြောင့် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များနှင့် အစိုးရအနေဖြင့် ဈေးနှုန်းတည်ငြိမ်ရန်နှင့် သတ်မှတ်သော နှုန်းထား တစ်ခုအထက်၌ ပရီမီယမ်အဆင့် ဈေးနှုန်းမျိုးရရှိစေရန် ဆောင်ရွက်သင့်ပါကြောင်း၊ ဘာစမာတီဆန် ပြုပြင်ပြောင်းလဲရေးနှင့် ဈေးကွက်ရှာဖွေဖော်ဆောင်မှု (marketing 2.0) ကို အကောင်အထည်ဖော်ဖို့ အဓိကကျပါကြောင်း ၎င်းကပြောကြားခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ကာလအတွင်း နိုင်ငံ (၅) ခုမှ ဘာစမာ တီဆန်ကို အများဆုံး ဝယ်ယူခဲ့ပြီး၊ စုစုပေါင်း တန်ချိန် ၃ ဒသမ ၅၄ သန်းပမာဏ၏ ၅၈ ဒသမ ၄၃ ရာ ခိုင်နှုန်း၊ တန်ဖိုးအားဖြင့် စုစုပေါင်း ကန်ဒေါ်လာ ၄ ဒသမ ၅၈၆ ဘီလီယံ၏ ၅၇ ဒသမ ၇၂ ရာခိုင်နှုန်း ကို ဝယ်ယူခဲ့ကြောင်း သိရသည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံမှ တန်ချိန် ၆ ဒသမ ၇၅ သိန်း၊ တန်ဖိုး ကန်ဒေါ်လာ ၇၈၀ သန်းဖြင့် အများဆုံးဝယ်ယူပြီး၊ အီရတ်နိုင်ငံက တန်ချိန် ၅ ဒသမ ၀၁ သိန်း၊ တန် ဖိုး ကန်ဒေါ်လာ ၅၄၄ သန်းဖြင့် ဒုတိယအများဆုံးဝယ်ယူခဲ့ကြောင်း သိရသည်။ အီရန်နိုင်ငံက တန် ချိန် ၅ ဒသမ ၁၆ သိန်းနှင့် တန်ဖိုး ကန်ဒေါ်လာ ၅၁၉ သန်းဖြင့် တတိယ အများဆုံးဝယ်ယူခဲ့သည်။

စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလ အထိ ကာလအတွင်း အမေရိကန်ပြည်ထောင်စုက ယူအေအီးနိုင်ငံအား ကျော်တက်ပြီး စတုတ္ထနေရာကို ရယူခဲ့ကြောင်း၊ ၎င်းက ဘာစမာတီဆန်တန်ချိန် ၁ ဒသမ ၇၅ သိန်းနှင့် တန်ဖိုး ကန်ဒေါ်လာ ၂၂၈ သန်း ဝယ်ယူခဲ့ကြောင်း သိရသည်။ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က ၎င်းသည် အိန္ဒိယ ဘာစမာတီဆန်ကို ဆဋ္ဌမ အများဆုံးဝယ်ယူသည့် နိုင်ငံအဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

Agribusiness & Trade

သို့ပါ၍ အိန္ဒိယနိုင်ငံသည် လက်ရှိဘဏ္ဍာနှစ်အတွင်း ဘာစမာတီဆန်ကို ကန်ဒေါ်လာ ၅ ဘီလီယံတန်ဖိုးအထိ စံချိန်တင်ရောင်းချနိုင်ရန် မျှော်မှန်းထားသည့်အခြေအနေနှင့် ဥရောပ၊ ယူကေနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသည် အဓိက ဈေးကွက်များဖြစ်ကြကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

**ရည်ညွှန်း။** The Hindu Businessline, Basmati exports set to top record $5 billion-mark this fiscal

.........................................................................................................................................

## ရုရှားသို့ နယ်သာလန်မှ ခေတ်မီစိုက်ပျိုးရေးစက်များ တင်ပို့မှုမြင့်တက်လာ

လက်ရှိတွင် နယ်သာလန်သည် ယူကရိန်းပဋိပက္ခမတိုင်မီကထက် ရုရှားနိုင်ငံသို့ စိုက်ပျိုးရေးထွက်ကုန်များ၊ ခေတ်မီစိုက်ပျိုးရေးစက်ပစ္စည်းများနှင့် ကာကွယ်ဆေးများ ပိုမိုတင်ပို့လျက်ရှိကြောင်း NL Times သတင်းဌာနက ဖော်ပြထားပါသည်။

နယ်သာလန်နိုင်ငံမှ ခေတ်မီစိုက်ပျိုးရေးစက်ပစ္စည်းများနှင့် ကာကွယ်ဆေးများကို ရုရှားနိုင်ငံတွင် အထူးဝယ်လိုအားများနေကြောင်း၊ ရုရှားသို့ နယ်သာလန်၏ တင်ပို့မှုသည် ၂၀၂၁ ခုနှစ်တွင် ယူရို ၁၈၄ သန်းမှ ၂၀၂၂ ခုနှစ်တွင် ယူရို ၂၃၉ သန်းအထိ တိုးလာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ပထမကိုးလအတွင်း နယ်သာလန်၏ ပို့ကုန်ပမာဏသည် ယူရို ၁၇၂ သန်းရှိသဖြင့် အပြုသဘောဆောင်သောလမ်းကြောင်းများကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန်အတွက် ရုရှားဈေးကွက်တွင် အခြားသော ထုတ်ကုန်များလည်း ဝယ်လိုအားရှိနေကြောင်း၊ နယ်သာလန်ကုမ္ပဏီများသည် ရုရှားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ရာတွင် အထောက်အကူပြုနေကြောင်း ဖော်ပြထားပါသည်။

ရုရှားတွင် ဖန်လုံအိမ်စိုက်ပျိုးမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်သာလန် စီးပွားရေးအသိုင်းအဝိုင်းသည် ထင်ရှားသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း မော်စကိုရှိ နယ်သာလန် စိုက်ပျိုးရေးကောင်စီအဖွဲ့ဝင်တစ်ဦးမှ ပြောကြားခဲ့သည်။

NL Times ၏ သတင်းအချက်အလက်များအရ ရုရှားသည် ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်များတွင် ယခင်ကထက် ဂျုံနှင့် ဂျုံမှုန့်ကို ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ရုရှားသည် လယ်ယာထွက်

ကုန်ပမာဏတန်ဖိုး ယူရို ၂၃.၅ ဘီလီယံ တင်ပို့နိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၄ ခုနှစ်တွင် ယူရို ၄၀ ဘီလီယံ ကျော်အထိ တင်ပို့နိုင်မည်ဟု ခန့်မှန်းကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့
Source : [https://tass.ru/ekonomika/20309287](https://tass.ru/ekonomika/20309287)

.........................................................................................................

## ရုရှားသည် တရုတ်နိုင်ငံသို့ ခေတ်မြေသြဇာ တင်ပို့မှုတွင် ဦးဆောင်သူဖြစ်လာ

၂၀၂၄ ခုနှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီလအတွင်း ရုရှားသည် တရုတ်နိုင်ငံသို့ ပိုတက်စီယမ်ကလိုရိုက် တန်ချိန် ၈၉၁,၃၀၀ ကို ထောက်ပံ့ပေးခဲ့ပြီး ယင်းပမာဏသည် ယမန်နှစ် အလားတူကာလထက် ၉၄ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း၊ ရုရှားသည် တရုတ်နိုင်ငံသို့ ခေတ်မြေသြဇာ အများဆုံး တင်သွင်းသူ ဖြစ်လာခဲ့ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)က ထုတ်ပြန်သည့် အချက်အလက်များအရ သိရှိရသည်။

၂၀၂၄ ခုနှစ်၊ ပထမနှစ်လတာအတွက် ရုရှားခေတ်မြေသြဇာ တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၈၅.၃ သန်းရှိကြောင်း ဖော်ပြထားပါသည်။ တရုတ်နိုင်ငံသို့ ပိုတက်စီယမ်ကလိုရိုက် ထောက်ပံ့မှု၏ ဒုတိယနေရာကို ကနေဒါ (တန်ချိန် ၇၁၉,၉၀၀ ဖြင့် ကန်ဒေါ်လာ ၂၂၅.၁ သန်း)မှ ရရှိထားပြီး တတိယနေရာကို ဘီလာရုစ်(တန်ချိန် ၄၄၈၀၀၀ ဖြင့် ကန်ဒေါ်လာ ၁၄၁.၉ သန်း)မှ ရရှိထားပါသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားသည် တရုတ်နိုင်ငံသို့ ဒုတိယအများဆုံး ပိုတက်စီယမ်ကလိုရိုက် (တန်ချိန် ၃ သန်းဖြင့် ကန်ဒေါ်လာ ၁.၁ ဘီလီယံ) တင်ပို့သူဖြစ်ခဲ့ပြီး ဘီလာရုစ်သည် (တန်ချိန် ၃.၄ သန်းဖြင့် ကန်ဒေါ်လာ ၁.၅ ဘီလီယံ) အများဆုံးတင်ပို့သူဖြစ်ခဲ့သည်။

ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov က ရုရှားနှင့် တရုတ်တို့၏ ကုန်သွယ်မှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံမှုများသည် နက်ရှိုင်းစွာ တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး ၂၀၃၀ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ လျာထားချက် အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံအထိ ရောက်ရှိနိုင်စေရန် မျှော်မှန်းထားကြောင်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ရုရှားနှင့် တရုတ်တို့၏ အပြန်အလှန်ကုန်သွယ်မှုပမာဏသည် စံချိန်တင်မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၄၀.၁၁ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့
Source : https://www.gazeta.ru/business/news/2024/03/20/22589197.shtml

Agribusiness & Trade

## ရုရှားသည် ရေနံနှင့် သဘာဝဓာတ်ငွေ့၏ ၄၀ ရာခိုင်နှုန်းခန့်ကို ရူဘယ်ဖြင့် ရောင်းချပြီး အခြား ၄၀ ရာခိုင်နှုန်းခန့်ကို ယွမ်ဖြင့် ရောင်းချလျက်ရှိ

ရုရှားရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရေနံနှင့် သဘာဝဓာတ်ငွေ့၏ ၈၀ ရာခိုင်နှုန်းခန့်ကို ရူဘယ်နှင့် ယွမ်ဖြင့် ရောင်းချလျက်ရှိကြောင်း၊ ရုရှားနှင့် တရုတ်ငွေကြေးများ သုံးစွဲမှုသည် တွက်ချက်မှု၏ ၄၀ ရာခိုင်နှုန်းစီရှိကြောင်း၊ အမေရိကန်ဒေါ်လာနှင့် ယူရိုငွေ သုံးစွဲမှုကို အနည်းဆုံးသို့ လျှော့ချလိုက်ကြောင်း ရုရှား ဒုတိယဝန်ကြီးချုပ် Mr. Alexander Novak က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ရလဒ်များအပေါ် အခြေခံ၍ တရုတ်နိုင်ငံနှင့် ငွေပေးချေမှု ၉၀ ရာခိုင်နှုန်းကျော်သည် နိုင်ငံသုံးငွေကြေးများဖြစ်သည့် ရူဘယ်နှင့် တရုတ်ယွမ်တို့ဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပို့ကုန်၏ ၄၀ ရာခိုင်နှုန်းခန့်ကို ရူဘယ်ဖြင့် လည်းကောင်း၊ အခြား ၄၀ ရာခိုင်နှုန်းခန့်ကို တရုတ်ယွမ်ဖြင့် လည်းကောင်း၊ ကျန် ၂၀ ရာခိုင်နှုန်းသည် အခြားငွေကြေးများဖြင့် လည်းကောင်း ရောင်းချကြောင်း ဒုတိယဝန်ကြီးချုပ် ပြောကြားခဲ့သည်။

နိုင်ငံအများအပြားသည် နိုင်ငံသုံးငွေကြေးများဖြင့် စီးပွားရေးလုပ်ငန်းကို စတင်လုပ်ကိုင်လာခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ လမ်းကြောင်းတစ်ခုဖြစ်လာကြောင်း၊ ၎င်းသည် အနောက်နိုင်ငံများ၏ တင်းကျပ်သည့် ပိတ်ဆို့အရေးယူမှုများနှင့် အဓိကဆက်စပ်လျက်ရှိကြောင်း၊ ၎င်းသည် ဒေါ်လာနှင့် ယူရိုသုံးစွဲမှုကို အမှန်တကယ် လျှော့ကျသွားကာ အဆိုပါ လမ်းကြောင်းသည် ဆက်လက်ရှိနေမည်ဟု ယုံကြည်ကြောင်း Mr. Novak က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားသည် မိတ်ဆွေနိုင်ငံများသို့ ရေနံတင်ပို့မှုကို ၈၆ ရာခိုင်နှုန်းအထိ၊ ရေနံထွက်ကုန်ပစ္စည်းများတင်ပို့မှုကို ၈၄ ရာခိုင်နှုန်းအထိ တိုးမြှင့်ခဲ့ကြောင်း၊ ပိတ်ဆို့အရေးယူမှုများ စတင်ပြီးနောက် ဥရောပနိုင်ငံများသို့ ရေနံတင်ပို့မှုမှာ ၄-၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း၊ ရုရှား၏ ရေနံနှင့် ရေနံထွက်ကုန်ပစ္စည်းများ တင်ပို့မှုအများစုသည် တရုတ်နှင့် အိန္ဒိယသို့ ရောက်ရှိခဲ့ပြီး ပေကျင်း၏ ဝေစုသည် ၄၅-၅၀ ရာခိုင်နှုန်းအထိနှင့် နယူးဒေလီ၏ ဝေစုသည် ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်သွားခဲ့ကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

Source : https://www.kommersant.ru/doc/6581855

..............................................................................................................

Agribusiness & Trade

## တရုတ်နှင့် ဟွန်ဒူးရပ်စ်တို့အကြား (၄)ကြိမ်မြောက် FTA ညှိနှိုင်းဆွေးနွေးမှုကို ပြုလုပ်ခဲ့

တရုတ်-ဟွန်ဒူးရပ်စ်လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်(FTA) လက်မှတ်ရေးထိုးရေးဆိုင်ရာ စတုတ္ထအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၁၉-၂-၂၀၂၄ ရက်နေ့မှ ၂၁-၃-၂၀၂၄ ရက်နေ့အထိ ပေကျင်းမြို့၌ ကျင်းပခဲ့သည်ဟု တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နှင့်ဟွန်ဒူးရပ်စ်နှစ်နိုင်ငံသည် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုစသည့်နယ်ပယ်များတွင် အသေးစိတ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး အပြုသဘောဆောင်သော တိုးတက်မှုများရရှိခဲ့ကြောင်း ဝန်ကြီးဌာနထံမှ သိရှိရပါသည်။

တရုတ်နှင့် ဟွန်ဒူးရပ်စ်တို့သည် ၂၀၂၃ ခုနှစ်၊ မတ်လတွင် သံတမန်ဆက်ဆံရေးကို ထူထောင်ခဲ့ပြီးနောက် နှစ်နိုင်ငံအကြား FTA ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၄)ရက်နေ့တွင် စတင်ခဲ့ကြောင်းနှင့် နှစ်နိုင်ငံ FTA အတွက် ကနဦးအစီအစဉ်တစ်ခုကို ပြီးခဲ့သည့်လတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: https://www.chinadaily.com.cn/a/202403/22/WS65fc6585a31082fc043be07e.html

..........................................................................................................

## တရုတ်နိုင်ငံသည် CPTPP သို့ ဝင်ရောက်နိုင်ရေး အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိ

တရုတ်နိုင်ငံသည် Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP) သို့ ဝင်ရောက်နိုင်ရေးကို အရှိန်မြှင့်တင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးနှင့် ထိတွေ့ဆက်ဆံ၍ အမြင်ချင်းဖလှယ်မှုများ ပြုလုပ်နိုင်ရေးလမ်းကြောင်းမျိုးစုံကို အသုံးပြုသွားမည်ဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၁-၃-၂၀၂၄ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် CPTPP မှ ချမှတ်ထားသည့် မြင့်မားသောစံနှုန်းများကို ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဟု အပြည့်အဝယုံကြည်ကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ He Yadong က ပေကျင်းမြို့တွင် ပြုလုပ်ခဲ့သည့် အပတ်စဉ် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

CPTPP တွင် ပါဝင်ရန် လျှောက်ထားချိန်မှစ၍ တရုတ်နိုင်ငံသည် အဖွဲ့ဝင်အားလုံးနှင့် ဆက်သွယ်ပြီး ဝင်ရောက်ခွင့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ တရုတ်အစိုးရသည် သဘောတူညီချက်ပါ အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အသေးစိတ် လေ့လာအကဲဖြတ်မှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

CPTPP သည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်အသက်ဝင်ခဲ့ပြီး နိုင်ငံပေါင်း (၁၁)နိုင်ငံ အကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ဖြစ်ပြီး လက်ရှိအဖွဲ့ဝင်နိုင်ငံများမှာ သြစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူနှင့် ဗီယက်နမ်တို့ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအနေဖြင့် ၎င်းတို့၏မူဝါဒများနှင့် ဥပဒေများကို သက်ဆိုင်ရာနယ်ပယ်များတွင် CPTPP စည်းမျဉ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် တက်ကြွစွာ ဆောင်ရွက်ထားပြီး ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ဈေးကွက်ဝင်ရောက်ခွင့်အတွက် ကောင်းစွာပြင်ဆင်ထားကြောင်း၊ အဆိုပါကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများနှင့် ရှေ့ပြေးစီမံချက်များကို ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိုသို့ကြိုးပမ်းအားထုတ်မှုများသည် အားတက်ဖွယ်ရလဒ်များ ရရှိခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ဥပမာအားဖြင့် တရုတ်နိုင်ငံသည် ၎င်း၏ ရှေ့ပြေးလွတ်လပ်သော ကုန်သွယ်ရေးဇုန်များ အပြင် ဟိုင်နန်လွတ်လပ်သောကုန်သွယ်မှုဆိပ်ကမ်းတွင်လည်း CPTPP စံနှုန်းများနှင့်အညီ ရှေ့ပြေး အစီအစဉ်များကို ကျင့်သုံးရန် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံစုံကော်ပိုရေးရှင်းများအတွက် ပိုမိုပွင့်လင်း၍ မျှမျှတတယှဉ်ပြိုင်နိုင်သော စီးပွားရေးပတ်ဝန်းကျင်ကို ဖော်ဆောင်ရန်အတွက် တရားမျှတသော ပြိုင်ဆိုင်မှုကို အဟန့်အတားဖြစ်စေသည့် အလေ့အကျင့်များကို အဆုံးသတ်ရန်နှင့် နိုင်ငံခြားကုမ္ပဏီများသည် စံချိန်စံညွှန်းများသတ်မှတ်ရာတွင် ပါဝင်နိုင်ပြီး သာတူညီမျှသောအခြေအနေများ ရရှိနိုင်စေရန် တရုတ်အစိုးရမှ ပိုမိုကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း  နိုင်ငံတော်ကောင်စီအထွေထွေရုံးက ထုတ်ပြန်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာတစ်စောင်အရ သိရှိရကြောင်း ဖော်ပြထားပါသည်။

ဈေးကွက်ဝင်ရောက်ခွင့်ကို ပိုမိုဖွင့်လှစ်ပေးခြင်းဖြင့် တရုတ်နိုင်ငံသည် နိုင်ငံခြားကုမ္ပဏီများ အတွက် အခွင့်အလမ်းများစွာကို ဖန်တီးပေးမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် ယခင်က မစူးစမ်းရသေးသော ဈေးကွက်များသို့ စွန့်စားဝင်ရောက်ကာ ကမ္ဘာ့အနှံ့တည်ရှိမှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ပေကျင်းရှိ China Center for International Economic Exchange မှ သုတေသီ Wang Xiaohong မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ကုန်သွယ်မှုဆိုင်ရာအတားအဆီးများ မြင့်တက်လာမှုကို တန်ပြန်ရန် တရုတ်နိုင်ငံသည် လွတ်လပ်သောကုန်သွယ်မှုနှင့် စီးပွားရေးပွင့်လင်းမှုကို ဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ပါဝင်သူအားလုံးကို အကျိုးရှိစေမည့် အပြန်အလှန်ချိတ်ဆက်ထားသော ကမ္ဘာ့ကုန်သွယ်ရေးစနစ်ကို ဖန်တီးရန် ရည်ရွယ်ထားကြောင်း Wang က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ တရုတ်-တောင်ကိုရီးယား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်နှင့် တရုတ်-ဩစတြေးလျ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကဲ့သို့သော လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် (၂၂)ခုကို နိုင်ငံနှင့်ဒေသပေါင်း (၂၉)ခုတို့နှင့် လက်မှတ်ရေးထိုးခဲ့ပြီး ၎င်း၏ စုစုပေါင်းနိုင်ငံခြားကုန်သွယ်မှု ပမာဏ၏ သုံးပုံတစ်ပုံခန့်ရှိသည်ဟု တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ပိုမိုကောင်းမွန်သောအခြေအနေများ ဖန်တီးရန်အတွက် တရုတ်နိုင်ငံသည် ၎င်း၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စက်မှုအသွင်ကူးပြောင်းမှုကို အရှိန်မြှင့်ရန် ပြုပြင်ပြောင်းလဲရေးအစီအမံများစွာကို အကောင်အထည်ဖော်ခဲ့ကြောင်း၊ အဆိုပါပြုပြင်ပြောင်းလဲမှုများသည် စီးပွားရေးမောင်းနှင်အားသစ်များ တိုးပွားလာစေရန်နှင့် စီးပွားရေးဖွဲ့စည်းပုံကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း State-owned Assets Supervision and Administration Commission က ထုတ်ပြန်သည့် အချက်အလက်များအရ သိရှိရပါသည်။

နှစ်ဦးနှစ်ဖက်အကျိုးရှိသော ရလဒ်များရရှိစေရန်အတွက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (State-owned Enterprises-SOE)ကို လုပ်ငန်းနယ်ပယ်အများအပြား၌ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ကိုလည်း တွန်းအားပေးလျက်ရှိကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: https://www.chinadaily.com.cn/a/202403/22/WS65fcd713a31082fc043be10f.html

………………………………………………………………………………………………….

Agribusiness&Trade